# Management Discussion and Analysis of TMH Telecom Public Company Limited

## For the Year ended 31st March,2019

The following Management Discussion and Analysis ("MD&A") is based on Financial Statements of **TMH Telecom Public Limited** for the year ended 31st March 2019 and should be read in conjunction with those financial Statements.

All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

**All Amount in K'000**

**Results Summary**

**Summary Income Statement**

| | FY: 2018-19 | FY: 2017-2 | |
|---|---|---|---|
| | MMK | MMK | % Change |
| Revenue | 8,939,871,162 | 9,940,424,952 | -10.1% |
| Costs of Good Sold | (4,869,957,058) | (4,358,820,344) | 11.7% |
| Gross Profit | 4,069,914,104 | 5,581,604,608 | -27.1% |
| Other Income | 84,699,174 | 111,061,506 | -23.7% |
| Expense | (3,062,502,072) | (3,316,647,302) | -7.7% |
| Profit before Tax | 1,092,111,206 | 2,376,018,812 | -54.0% |
| Tax Expense | (458,210,283) | (695,905,799) | -34.2% |
| **Net Profit after Tax** | **633,900,923** | **1,680,113,013** | -62.3% |
| Fair value adjustment of Investments | (71,246,500) | | |
| Total Comprehensive Income | 562,654,423 | 1,680,113,013 | -66.5% |
| Basic EPS (MMK) | 52 | 138 | |

Our revenues contracted last year to reach MMK 8.93 billion compared to MMK 9.94 billion for FY 17/18. The contraction is mostly due to a more challenging business environment, and the cancellation of various projects by our clients.

Operating profit after tax for the year ended has decreased by 62.3% to Ks. 0.63 Billion over the same previous comparative period. During this year TMH invested significantly to expand the footprint of its operations and to build new assets. The management team initiated a plan to improve the efficiency of our operations: as a result, workforce productivity grew by 7% compared to last year, while the satisfaction of our people reached 90%.

Fair value adjustment of available-for-sale investments during this Period was mainly due to the Company's share investments in First Myanmar Investment Co., Ltd which has quoted market price on reporting date. In compliance to Myanmar Financial Reporting Standards, the fair value approach in this context refers to the accounting measurement basis that the Company uses to value its assets periodically to reflect the fluctuations in share prices in established Securities Exchange.

**Summary Balance Sheet**

| | FY: 2018-19 | FY: 2017-18 | % Change |
|---|---|---|---|
| Assets | | | |
| Total Non-Current Assets | 5,173,504,427 | 4,946,113,301 | 4.6% |
| Total Current Assets | 12,246,885,404 | 14,892,800,567 | -17.8% |
| **Total Assets** | **17,420,389,831** | **19,838,913,868** | -12.2% |
| Equity & Liabilities | | | |
| Total Equity | 16,074,466,163 | 18,049,821,030 | -10.9% |
| Total Liabilities | 1,345,923,668 | 1,789,092,838 | -24.8% |
| **Total Equity & Liabilities** | **17,420,389,831** | **19,838,913,868** | -12.2% |

The decrease of 17.8% in current assets from Ks14 Billion in FY2017-18 to Ks 12 Billion in the period was mainly due to prepaid expenses by subcontractor. Non-current asset has been changed as they were only depreciation and some additional items have been added.

Total current liabilities has sharply decreased by 24.8% since 31 March 2018, was due to the settlement of payable to project Agent.

**Going Forward**

TMH will continue to invest and to explore new business opportunities. We want to position TMH not only as a company installing, maintaining and operating communication infrastructure but as a company which can take full advantage of the digitalization of the Myanmar economy.

We will succeed because TMH has the right assets to seize this opportunity: the skills and talents of our people, the loyalty of our clients and suppliers, and the support of our shareholders.

By order of the Board

Thiha Lwin
Managing Director
28th June 2019

# TMH Telecom Public Company Limited ၏ (၂၀၁၈-၂၀၁၉)နှစ်ချုပ် ဘဏ္ဍာရေး စာရင်းရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များကို ထုတ်ပြန်ကြေညာခြင်း

အောက်ဖော်ပြပါ လေ့လာသုံးသပ်ချက်များသည် TMH Public Telecom Public Company Limited ၏ ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း အပေါ်အခြေခံထားသောသုံးသပ်ထုတ်ပြန် ကြေညာချက်ဖြစ်ပါသဖြင့်အဆိုပါသုံးသပ်ချက်များကို(၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးရှင်းတမ်း ပေါင်းချုပ်နှင့်အတူတွဲ၍ လေ့လာဖတ်ရှုနိုင်ပါသည်။

အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်း မရှိပဲ ငွေပမာဏ အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

**အနှစ်ချုပ် ဖော်ပြချက်များ**

**ကုမ္ပဏီ၏ဝင်ငွေရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်**

| | FY: 2018-19 | FY: 2017-18 | |
|---|---|---|---|
| | MMK | MMK | % Change |
| Revenue | 8,939,871,162 | 9,940,424,952 | -10.1% |
| Costs of Good Sold | (4,869,957,058) | (4,358,820,344) | 11.7% |
| Gross Profit | 4,069,914,104 | 5,581,604,608 | -27.1% |
| Other Income | 84,699,174 | 111,061,506 | -23.7% |
| Expense | (3,062,502,072) | (3,316,647,302) | -7.7% |
| Profit before Tax | 1,092,111,206 | 2,376,018,812 | -54.0% |
| Tax Expense | (458,210,283) | (695,905,799) | -34.2% |
| **Net Profit after Tax** | **633,900,923** | **1,680,113,013** | -62.3% |
| Fair value adjustment of Investments | (71,246,500) | | |
| Total Comprehensive Income | 562,654,423 | 1,680,113,013 | -66.5% |
| Basic EPS (MMK) | 52 | 138 | |

ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝင်ငွေသည် (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်၏ ဝင်ငွေ ၉.၉၄ဘီလီယံကျပ် နှင့် နှိုင်းယှဉ်လျှင် ယခုဘဏ္ဍာနှစ်တွင် ၈.၉၃ဘီလီယံကျပ်သာ ရရှိခဲ့သည်။ ဝင်ငွေကျဆင်းသွားရခြင်း၏အဓိကအကြောင်းရင်းမှာ စီးပွားရေးလုပ်ငန်းအရပ်အဝန်းသည် ပိုမိုစိန်ခေါ်မှုများပြားလာခြင်းနှင့် Clientsအချို့မှ စီမံကိန်း လုပ်ငန်းများ ဖျက်သိမ်းခဲ့ခြင်း ကြောင့်ဖြစ်သည်။

အခွန်လျှာထားပြီး အသားတင်အမြတ်ငွေသည် ယခင်နှစ်များရှိ အလားတူကာလများနှင့် နှိုင်းယှဉ်လျှင် ၆၂.၃% ကျပ် (၀.၆၃)ဘီလီယမ် သို့ ကျဆင်းခဲ့ပါသည်။ ယခုနှစ်ကာလအတွင်း TMH သည် ချမှတ်ထားသော လုပ်ငန်းများကို ချဲ့ထွင်ရန်နှင့် အရင်းအနှီးသစ်များကို တည်ဆောက်ရန် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ သည်။ စီမံခန့်ခွဲရေးအဖွဲ့သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ လုပ်ငန်းများအား ပိုမိုထိရောက်စွာ တိုးတက်လုပ်ဆောင်ရန် အစီအစဉ်သစ်တစ်ခုကို စတင်ရေးဆွဲခဲ့သည်။ ရလဒ် အားဖြင့် workforce productivity သည် ယခင်နှစ် နှင့် နှိုင်းယှဉ်လျှင် ၇% တိုးတက်လာခဲ့ပြီး ဝန်ထမ်းများ၏ စိတ်ကျေနပ်မှုသည် ၉၀% အထိရရှိခဲ့ပါသည်။

Available-for-sale investment နှင့်ပတ်သက်၍ တန်ဖိုးပြန်လည်သတ်မှတ်ရာတွင် အရင်းအနှီးဈေးကွက်တွင် ဝယ်ယူထားသော First Myanmar investment ကုမ္ပဏီ၏ shareတန်ဖိုးကို reporting dateရှိ ဈေးကွက်ပေါက်ဈေးအတိုင်း ပြန်လည်သတ်မှတ်ထားပါသည်။မြန်မာနိုင်ငံစာရင်းကိုင်စံသတ်မှတ်ချက်များကိုလိုက်နာလျက် စာရင်းကိုင်စံနှုန်းအခြေခံသတ်မှတ်ချက်အတိုင်း ရပိုင်ခွင့်များကို ကာလအပိုင်းအခြားအလိုက် စတော့အိပ်ချိန်း ရှိ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ တန်ဖိုးပြန်လည်သင့်မြတ်ထားပါသည်။

## ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်

| | FY: 2018-19 | FY: 2017-18 | % Change |
|---|---|---|---|
| Assets | | | |
| Total Non-Current Assets | 5,173,504,427 | 4,946,113,301 | 4.6% |
| Total Current Assets | 12,246,885,404 | 14,892,800,567 | -17.8% |
| **Total Assets** | **17,420,389,831** | **19,838,913,868** | -12.2% |
| Equity & Liabilities | | | |
| Total Equity | 16,074,466,163 | 18,049,821,030 | -10.9% |
| Total Liabilities | 1,345,923,668 | 1,789,092,838 | -24.8% |
| **Total Equity & Liabilities** | **17,420,389,831** | **19,838,913,868** | -12.2% |

လက်ငင်းရပိုင်ခွင့်များသည် (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက (၁၇.၈) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခင်နှစ် (၁၄)ဘီလီယံမှ ယခုနှစ်တွင် (၁၂) ဘီလီယံသို့ ကျဆင်းခဲ့သည်။ ထို့သို့ ကျဆင်းရခြင်းမှာ Subcontractor သို့ ကြိုတင်ပေးချေထားသောစရိတ်များနှင့် သက်ဆိုင်ပါသည်။ ပုံသေပိုင် ပစ္စည်း ပြောင်းလဲမှုတန်ဖိုးမှာ တန်းဖို့လျော့ စရိတ်များခုနှိမ်ထားခြင်းနှင့် ပစ္စည်းအချို့ထပ်မံဝယ်ယူခြင်းကြောင့်ဖြစ်ပါသည်။

လက်ငင်းပေးရန်ရှိစာရင်းများ ကျဆင်းရခြင်းသည် စီမံကိန်းကိုယ်စားလှယ်များသို့ ပေးချေရန်ရှိသည့် ငွေပမာဏများအား ပေးချေခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**သုံးသပ်ချက်အလားအလာ**

TMH ကုမ္ပဏီသည် အခြားလုပ်ငန်းအခွင့်အလမ်းသစ်များသို့ ဦးတည်၍ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံတည်ဆောက်ခြင်း တပ်ဆင်ခြင်း ၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအပြင် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများကိုပါ လုပ်ဆောင်နေသည့် ကုမ္ပဏီတစ်ခု အဖြစ်ရပ်တည်လိုပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် အခွင့်အလမ်းများကို လက်မလွှတ်တမ်းအသုံးချနိုင်ရန် စွမ်းဆောင်ရည်ပြည့်ဝသော လူ့အရင်းအမြစ်များရှိခြင်း ၊ စဉ်ဆက်မပြတ်လက်တွဲဆောင်ရွက်လျက်ရှိသော clients and suppliersများရှိခြင်း နှင့် အစုရှယ်ယာရှင်များ၏ လုံလောက်သော ပံ့ပိုးမှုရှိခြင်း အစရှိသည့် မှန်ကန်သော အရင်းအမြစ်များပိုင်ဆိုင်ထားခြင်း ကြောင့် ရေရှည်တွင် အောင်မြင်မည်ဟု ယုံကြည်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၁၉ခုနှစ် ၊ ဇွန်လ ( ၂၈) ရက်။

Address : No. 54, Eastern Business Centre,Level 4&5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar

Phone : +951 8550348, +951 8550936

Website: www.tmhtelecom.com